ပွင့်လန်းကျေးရွာ

ပင်းတယမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပွင့်လန်းကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်ရေး ဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။


ဩဂုတ် ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ပွင့်လန်း ကျေးရွာ
ပင်းတယမြို့နယ်

ပွင့်လန်းကျေးရွာ
မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ကျေးရွာသယံဇာတပြမြေပုံ	
၁	**တည်နေရာနှင့် ပထဝီဝင်အနေအထား**	၅
၂	**ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**	၅
၃	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**	၅
၄	**စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	
	(က)သီးနှံစိုက်ပျိုးရေး	၆
	(ခ)မွေးမြူရေးလုပ်ငန်း	၇
	(ဂ)ငါးလုပ်ငန်း	၇
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၇
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၇,၈
၅	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	
	(က)ကျေးလက်သယ်ယူပို့ဆောင်ရေး	၈
	(ခ)ကျေးရွာမီးလင်းရေး	၈
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	၈
၆	**ပညာရေး**	၈,၉
၇	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**	၉
၈	**ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၉,၁၀
၉	**ကျား-မ ရေးရောကိစ္စရပ်ဆိုင်ရာ**	၁၀
၁၀	**ဦးစားဦးေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**	၁၁

နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၂
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဧယားများ	-
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဧယား	၁၃
	နောက်ဆက်တွဲ(၄)နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	၁၄



ပွေးလှ ကျေးရွာအုပ်စု၊ ပွင့်ပန်း ကျေးရွာ သံသာရာတာအရင်းအမြစ်ပြမြေပုံ
ရည်ညွှန်းချက်
၁ ကိုးဆူတောင်ဘုရား
၂ ရွာလယ်ရေကန်
၃ (အထက) စာသင်ကျောင်း
၄ ဘုန်းတော်ကြီးကျောင်း
၅ ရွာနတ်စင်
၆ ရွာဆိုင်းဘုတ်
၇ ရွာနံ့စေတီတော်
၈ လမ်းမညောင်ပင်ကြီး
ရက်စွဲ။

၁။ တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ပွင့်လန်းကျေးရွာသည် ပင်းတယမြို့ - အောင်ပန်း ကားလမ်း ၏ အရှေ့ဘက်(၁)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မွေးမြူရေး လုပ်ငန်းကိုလည်း တပိုင်တနိုင် လုပ်ကိုင် ကြသည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။

၂။ ရာသီဥတု နှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသဖြစ်ပြီး ရာသီဥတုကောင်းမွန်ပါသည်။ သို့သော် သစ်တော များပြုန်းတီးလာမှုကြောင့် ရာသီဥတုဖောက်ပြားတတ်ပါသည်။ သဘာဝရင်းမြစ်များအနေဖြင့် လယ်ယာမြေ အသင့်အတင့်ရှိကြပြီး မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝ သယံဇာတ မထွက်ပါ။ ထို့ကြောင့် ကျေးရွာများမှ အဓိကလုပ်ငန်းမှာ တောင်ယာ၊ ဂေါ်ဖီထုပ်၊ နှမ်းပန်း တို့နှင့် အခြားသီးနှံများ ဖြစ်ကြ သည်။ တောင်သူအချို့မှာ သုံးဆယ်ရေလှောင်တမံဆည်ရေများ မရရှိနိုင်သောကြောင့် မိုးရေများအသုံးပြုကာ စိုက်ပျိုးကြသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက ၃၅၅.၅ ဧက ရှိပြီး စပါး ၊ ဂျုံ၊ ပြောင်း နှင့် အခြားသီးနှံများကို အဓိက စိုက်ပျိုးကြသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် လေ့လာတွေ့ရှိချက်အရ လူမှုရေးဆိုင်ရာအဖွဲ့အစည်း ရှိကြပါသည်။ ဘာသာရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ (၂)ဖွဲ့နှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့လည်း ရှိပါသည်။ ပြင်ပမှဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာ အဖွဲ့အစည်းမရှိပါ။ ရွာအတွင်း ယဉ်ကျေးမှုအဖွဲ့များသည် ရွာဦးကျောင်း ဆရာတော်၏ ဩဝါဒခံယူခြင်းသာ ဖြစ်သည်။ ရွာတွင် သာရေး၊ နာရေး၊ ကိစ္စရပ်များပေါ်ပေါက်ပါက သွားရောက်ကူညီကြပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပင်းတယမြို့မှ ထုတ်ချေးဖွဲ့စည်းပေးထားသော မြစိမ်းရောင် ရန်ပုံငွေ အဖွဲ့သည် လည်းပုံမှန်လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုပိုမိုတိုးတက် ကောင်းမွန်လာနိုင်သည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ တောင်ယာမြေအသင့်ရှိပြီး တောင်ပေါ်ဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ တောင်သူအချို့မှာ မိုးရေအဓိကထားစိုက်ပျိုးကြသည်။ ကျေးရွာတွင် အဓိကသီးနှံ အထွက်နှုန်းမှာ စပါး၊ ကြက်သွန်ဖြူ ၊

ခရမ်းချဉ်သီး နှင့် ခရမ်းသီး ကို အဓိကထား စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိကြပြီး၊ တောင်သူအများစုသည် လယ်ယာ လုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ် ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကြစရိတ်မြင့်မားရသည်။ တောင်သူ များသည် တခါတရံတွင် မိုးရွာသွန်းမှုမညီမျှမှုရင်ဆိုင်ရတတ်သည်။ စပါးခင်းများ ၊ ခရမ်းချဉ်စိုက်ခင်းများ တွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေး အချို့ကို ခံနိုင်စွမ်းရှိသဖြင့် တောင်သူများအနေဖြင့် ထိရောက်သောဖျက်ပိုးနိမ်နင်းရေးနည်းစနစ်ကို လိုလားနေကြသည်။ အဓိက အခက်အခဲမှာ မျိုးကောင်းမျိုးသန့် မစိုက်နိုင်ကြပါ။ ငွေကြေးမတတ်နိုင်၍ ဒေသမျိုးသာ စိုက်ရသည်။ မျိုးသန့်ပွားနည်းပညာသိရှိရန် လိုအပ် ကြောင်းတွေ့ရပါသည်။ မျိုးစေ့ချချိန်တွင် ရေခက်ခဲမှုရှိသဖြင့် လိုသလောက်မစိုက်နိုင်ပါ။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ဝက်မွေးမြူသူ နွား၊ ကျွဲ တပိုင်တနိုင် မွေးမြူသူများရှိပြီး ဒေသဝက်မျိုးများကို မွေးမြူ ကြသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရိစ္ဆာန်ရောဂါများ ရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကု ဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင်တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကို မြစိမ်းရောင်လည်ပတ်ရန်ပုံငွေမှ ချေးယူကြသည်။ ကျေးရွာတွင် မွေးမြူရန်မြေနေရာ အဆင်မပြေ သောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

(ဂ) ငါးလုပ်ငန်း

ကျေးရွာသည် တောင်ပေါ်တွင်တည်ရှိသောကြောင့် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နွေစားအလုပ် ၊ ပန်းရံ၊ လက်သမား အလုပ် ၊ အိမ်ဆိုင် နှင့် အစိုးရဝန်ထမ်း ဆိုင်ကယ်ပြင်လုပ်ငန်းတို့ ဖြစ်ကြသည်။ အခြား လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့် အနေအထားတွင်ရှိသည်။ လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီများတွင် အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် တွက်ချေကိုက်မှု အသင့်အတင့်သာရှိသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေး များ ပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်နိုင်ရန်နှင့် နိုင်ငံရပ်ခြားသွားရောက် အလုပ်လုပ်နိုင်ရာ မူဝါဒနှင့် ပံ့ပိုးမှုများ လိုအပ်ကြောင်း တွေ့ရသည်။

(ဂ) ဘဏ် နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ စိုက်ပျိုးရေးချေးငွေကို စိုက်ဘဏ်မှ ရရှိပါသည်။ စိုက်ပျိုးရေးမဓိဆိုင်ရာ အခက်အခဲရှိသည်။ အတိုးနှုန်း (၁.၅)ကျပ်နှုန်းသာ ပေးရ၍ ကျေးရွာသူ/သားများ တင်ပြကြရသည်။ကျေးရွာတွင် မြို့နယ်ကျေးလက်ဦးစီးဌာနမှ ထုတ်ချေးဖွဲ့စည်းပေးထားသော မြစိမ်းရောင်အဖွဲ့သည် အဖွဲ့ဝင် (၆)ဦးရှိကာ တစ်နှစ်အတိုးနှုန်း(၁.၅%) ဖြင့် အသင်းဝင်များ ငွေချေးယူနိုင်ကြသည်။ အဖွဲ့တွင် ချေးငွေကို (၁၀)လ အထိ ချေးယူနိုင်ပြီး စည်းကမ်းပိုင်းတွင် အသင့်တင့်တင်းကြပ်ထားသည်။ ကျေးရွာသားအများစုသည် ချေးငွေကို စိုက်ပျိုးရေး၊ မွေးမြူရေး အတွက် အဓိကထားချေးယူကြသည်။ ကျေးရွာတွင် အကြွေးထားရှိမှု အနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စု အချို့သည် အကြွေးယူထားကြပြီး အကြွေးငွေ (၅၀၀၀၀)မှ (၁၅၀၀၀၀၀)ထိ ချေးယူကြောင်း တွေ့ရှိရသည်။

၅။ အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ ရွာတွင်းလမ်းမှာ ကျောက်ခင်းလမ်းဖြစ်ပြီး လမ်းများမကောင်းပါ။ ထုတ်ကုန်များ သယ်ပို့ရာတွင် အနည်းငယ် ခက်ခဲမှုကြုံတွေ့ရပါသည်။ ကျေးရွာတွင်တံတားမရှိပါ။ လမ်းပေါ်တွင် ရေကျော်၍သွားလာခက်ခဲပါသည်။ ရေကျော်တံတားများ လိုအပ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် အိမ်တိုင်းနီးပါး ဆိုင်ကယ်ရှိကြပါသည်။ နွားလှည်း၊ ထော်လားဂျီများလည်း အသင့်အတင့် ရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းများကို အိမ်ထောင်စု(၁၅၇)စု သာအသုံးပြုကြပြီး အခြားအိမ်များ တွင် ဆိုလာစနစ်ဖြင့် သာအသုံးပြုကြပါသည်။ ထင်းခုတ်ယူမှုများပြားခြင်းကြောင့် သစ်တောများ ပြုန်းတီးလာပြီး ရာသီဥတုများဖောက်ပြန်လာပါသည်။

(ဂ) သတင်း နှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းဖုန်းများကို လူမှုရေး၊ စီးပွားရေးများတွင် အသုံးပြုကြပြီး အင်တာနက် ၊ သတင်း ချိတ်ဆက်မှုများလည်း ရှိကြသည်။ သို့သော်အင်တာနက်သုံးစွဲနိုင်မှုမှာ အသင့်အတင့် ကောင်းမွန်သည်။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၁၅၂)လုံး၊ ရေဒီယို (၂၄)လုံး၊တီဗွီ(၈၆)လုံး နှင့် ဂြိုလ်တုစလောင်း(၂၁)လုံးတို့မှ ရရှိပါသည်။ ဖုန်းလိုင်းရရှိသည့်အတွက် သတင်းနှင့်ဆက်သွယ်ရေးတို့ အတွက် အဆင်ပြေပါသည်။

(ဃ) ပညာရေး

ကျေးရွာ၏ မူလတန်းပညာရေးပြီးဆုံးသူများပြားသည်။ အချို့လူလတ်ပိုင်းများမှာ (၆)တန်း၊ (၇)တန်း အောင်ရုံဖြင့် ကျောင်းထွက်၍ ပန်းရံ၊ လက်သမားနှင့် ကျပန်း အလုပ်များ လုပ်ကိုင်၍ ဝင်ငွေရှာရသည်။ ကျေးရွာတွင် မူလတန်းကျောင်းသာရှိပါသည်။ ကလေးများသင်ကြားရန် KG ကျောင်းဆောင်မရှိသေးပါ။ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိကြောင်း တွေ့ရသည်။ ရွာသားအများစုသည် အခြေခံအရေး အဖတ် အတွက် တို့ကိုသာ တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အလွန်နည်းပါးသည်။ သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အတွက် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးဆဲ ဖြစ်သည်။

၇။ ကျန်းမာရေး၊ ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ အမျိုးသမီးလူငယ်လူရွယ် သက်ကြီးပိုင်းတို့သည် လည်း များသောအားဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအမြင်ရှိကြသည်။ ကျေးရွာ၏ ကိုယ်ဝန်ဆောင်အမျိုးသမီးများဆိုင်ရာ ရောဂါများရှိနေကြောင်း တွေ့ရှိရပါသည်။ ကာကွယ်ဆေးမထိုးခြင်း၊ အာဟာရချို့တဲ့ခြင်း နှင့် ဆေးရုံဆေးခန်းကြောင်းခြင်း အခြေအနေ တို့ကြောင့် လေ့လာတွေ့ရှိရပါသည်။ ကာကွယ်ဆေးတိုက်နှံမှုများ ရှိပါသည်။ ပွေးလှတိုက်နယ်ဆေးရုံမှ လာရောက်၍ ထိုးနှံရပါသည်။ ကျေးရွာတွင် အဝီစိတွင်း/ စက်တပ် (၁)တွင်း နှင့် အများသုံးရေကန် (၁)ကန်ရှိပါသည်။ ရေတွင်းရေကန်နှင့် ဝေးသောကြောင့် သောက်သုံးရေခပ်ရာတွင် အချိန်ပေးရခြင်း၊ မလုံလောက်ခြင်းကို တွေ့ကြုံနေရပသါည်။

၈။ ဘေးအန္တရာယ် နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် စပါး၊ ကြက်သွန်ဖြူ ၊ ခရမ်းချဉ်သီး နှင့် ခရမ်းသီးစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်တတ်သော ကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာ သုံးစွဲမှု များပြားလာသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင် သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနိုင်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ ၊ ပုလင်းခွံ ၊ ဗူးခွံ များကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

၉။ ကျား-မရေားရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့် မ အကြား ပြင်းထန်စွာ အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စ များ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး များသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ် များတွင် အခွင့်အရေး တူညီစွာရရှိကြသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့် ၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းနေသော်လည်း အလယ်တန်း၊ မူလတန်း အဆင့်တွင် မအရေအတွက် မှာ ကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများကို ပိုမိုရရှိကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှုဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။

၁၀။ ပွင့်လန်းကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	ကျေးရွာအုပ်စုအမည် - ပွေးလှ		ကျေးရွာအမည် - ပွင့်လန်း	မှတ်ချက်
	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အခြေခံအဆောက်အဦ	ကျေးလက်ရေပေးဝေရေး	သောက်သုံးရေ	
၂	သက်တမ်းတိုသီးနှံများ စိုက်ပျိုးခြင်း	သက်တမ်းတိုသီးနှံများ	(စိုက်ပျိုးရေး)မျိုးကောင်းမျိုးသန့်ရရှိရန်	
၃	ကျန်းမာရေး	အခြေခံ ကျန်းမာရေး ဝန်ဆောင်မှု / ကျေးလက် ကျန်းမာရေး ဝန်ဆောင်မှု / ကျေးလက် အခြေပြု၊ လူထု အခြေပြု ကျန်းမာရေး ဝန်ဆောင်မှု	ကျန်းမာရေးပညာပေးသင်တန်း	
၄	လူငယ့်အခွင့်အလမ်း	လူငယ့်အရည်အသွေးနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးစေရေး	အရက်မူးယစ်ဆေးသုံးစွဲသူ၊ရောင်းချသူများကို အရေးယူခြင်း၊ပညာပေးဟောပြောပွဲပြုလုပ်ခြင်း	
၅	လူငယ့်အခွင့်အလမ်း	လူငယ့်အရည်အသွေးနှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးစေရေး	အလုပ်ကိုင်အခွင့်အလမ်းများဖော်ထုတ်နိုင်ရန် မူဝါဒဆိုင်ရာပံ့ပိုးမှုတင်ပြခြင်း	
၆	အခြေခံ အဆောက်အဦ	ကျေးလက် လမ်း၊ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ကတ္တရာလမ်းများရရှိရန်ဆောင်ရွက်တင်ပြခြင်း	

နောက်ဆက်တွဲ(၁)

ပွင့်လန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးမြင့်နောင်	ဦးသိန်းမောင်	၁၃/ပတယ(နိုင်)၀၂၉၀၄၈	၄၃	ဥက္ကဋ္ဌ	၀၉-၇၉၉၀၉၄၅၄၃	
၂	ဦးထွန်းမင်း	ဦးနီ	၁၃/ပတယ(နိုင်)၀၅၂၆၅၈	၄၁	အတွင်းရေးမှူး	၀၉-၇၉၀၃၄၆၆၀၅	
၃	ဦးကြည်စိုး	ဦးချစ်သန်း	၁၃/ပတယ(နိုင်)၀၄၄၇၈၂	၂၆	စာရင်းကိုင်	၀၉-၇၉၀၃၄၆၆၈၀	
၄	ဦးနိုင်ဦး	ဦးဖိုးထူး	၁၃/ပတယ(နိုင်)၀၃၇၄၉၀	၃၀	စာရင်းစစ်	၀၉-၄၂၀၀၀၉၃၄၁	
၅	ဦးလမ်းပေါ်	ဦးဖိုးရင့်	၁၃/ပတယ(နိုင်)၀၀၉၄၉၈	၄၇	သေ့ကိုင်	၀၉-၇၈၅၈၁၄၆၁၁	
၆	ဦးပေါ်လာ	ဦးဖိုးညို	၁၃/ပတယ(နိုင်)၀၀၉၄၄၅	၅၀	ဘဏ္ဍာရေးမှူး	၀၉-၇၈၀၈၁၈၆၈၅	
၇	ဦးညီထွန်း	ဦးမြင့်ထွန်း	-	၄၃	အဖွဲ့ဝင်	၀၉-၇၉၁၆၁၀၂၆၇	

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား(ပွင့်လန်း)

၁	သောက်သုံးရေမလုံလောက် ခြင်း၊ရေခပ်ချိန်အချိန်ပေး ခြင်း၊အလုပ်ချိန်လျော့ခြင်	ရေတွင်းရေကန်နှင့် ဝေးနေခြင်း	လမ်းကောင်းမွန်ခြင်း၊ ရေအဆင်သင့်ရှိနေခြင်း၊ သိုလှောင်ရန် ရေလှောင်ကန်ရှိနေခြင်း	ရေပိုက်များလိုအပ် နေခြင်း	ကျေးရွာဆပ်ကော်မတီဖွဲ့ စည်းပြီးကျေးလက်ဦးစီးဌာန ငှ်ချိတ်ဆက်ဆောင်ရွက်ခြင်	သောက်သုံးရေ
၂	မျိုးကောင်းမျိုးသန့် မစိုက်ကြခြင်း	မျိုးသန့်ပွားနည်းပညာ မသိရှိခြင်း၊မျိုးချရန်အ ချိန်ကာလအတိအကျမသ ရှိခြင်း			မျိုးကောင်းမျိုးသန့်စုပေါင်း ဝယ်ယူရန် စီစဉ်ဆောင် ရွက်ခြင်း	(စိုက်ပျိုးရေး)မျိုးကောင်းမျိုးသန့်ရရှိရန်
၃	ကိုယ်ဝန်ဆောင် အမျိုးသမီးများ ဆိုင်ရာရောဂါရှိခြင်း	အာဟာရချို့တဲ့ခြင်း ကာကွယ်ဆေးမထိုးခြင်း ဆေးရုံ၊ဆေးခန်းကြောက် ြင်း			အယူသီးခြင်းနှင့် ဆေးရုံ ဆေးခန်းကြောက်ခြင်းကို ပညာပေးစည်းရုံးခြင်း	ကျန်းမာရေးပညာပေးသင်တန်း
၄	မူးယစ်ဆေးအန္တရာယ် ရှိနေခြင်း	လွယ်ကူစွာဝယ်ယူရရှိနို			မူးယစ်ဆေးများပြန်တီး ကင်းစင်ရန် အတွက်စီစဉ် အတွက်စီစဉ်ချမှတ်ပေးခြင်း	အရက်မူးယစ်ဆေးသုံးစွဲသူ၊ရောင်းချ သူများကိုအရေးယူခြင်း၊ပညာပေးဟော ပြောပွဲပြုလုပ်ခြင်း
၅	အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်း	ဒေသတွင်းစက်ရုံအလုပ် များမရှိခြင်း၊ဒေသခံများ အခြေခံ ပညာအားနည်း ခြင်း၊အလုပ်ဝင်ငွေမလုံ လောက်ခြင်း			သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	အလုပ်ကိုင်အခွင့်အလမ်းများဖော်ထုတ် ရန်မူဝါဒဆိုင်ရာပံ့ပိုးမှုတင်ပြခြင်း
၆	ရွာတွင်းလမ်းမကောင်းခြင်	ကျောက်ကြမ်းလမ်း များဖြစ်နေခြင်း	ရာသီအလိုက်သီးနှံများ သယ်ယူတင်ပို့ရန်ရှိနေခြင်	ငွေကြေးမတတ် နိုင်ခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကတ္တရာလမ်းများရရှိရန်ဆောင်ရွက် တင်ပြခြင်း

ပွင့်လန်းကျူးရွာ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများလျာထားချက်

စဉ်	အဆိုပြု လုပ်ငန်းများ	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ကတ္တရာလမ်းများရရှိရန်ဆောင်ရွက်တင်ပြခြင်း	၁	✓	✓			
၂	သောက်သုံးရေ	၂	✓	✓	✓		
၃	(စိုက်ပျိုးရေး)မျိုးကောင်းမျိုးသန့်ရရှိရန်	၃		✓	✓		
၄	ကျန်းမာရေးပညာပေးသင်တန်း	၄	✓	✓	✓	✓	✓
၅	အရက်မူးယစ်ဆေးသုံးစွဲသူ၊ရောင်းချသူများကို အရေးယူခြင်း၊ပညာပေးဟောပြောပွဲပြုလုပ်ခြင်း	၅	✓	✓	✓	✓	✓
၆	အလုပ်ကိုင်အခွင့်အလမ်းများဖော်ထုတ်နိုင်ရန် မူဝါဒဆိုင်ရာပံ့ပိုးမှုတင်ပြခြင်း	၆	✓	✓			